## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့(၂၇.၂.၂၀၁၂)ရက်နေ့တွင် တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းထွန်းလွင် တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဆက်လက်ပြီး ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "မော်တော်ဆိုင်ကယ်များကိစ္စ မော်တော်ဆိုင်ကယ်များစီးနှင့်မောင်းနှင်ရာတွင် မော်တော်ဆိုင်ကယ်များ အချင်းချင်းမတော်တဆတိုက်မိ၍ အသက်ဆုံးရှုံးမှုများ မကြာခဏ ဖြစ်ပေါ်နေခြင်း၊ ယာဉ်မောင်းလိုင်စင်ရှိသူများသာ ဆိုင်ကယ်မောင်းနှင်ခွင့်ပြုရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးရန်၊ ယာဉ်စည်းကမ်း ဖောက်ဖျက်သူများ၊ ဥပမာ- ဆိုင်ကယ်ဦးထုပ်မဆောင်းပဲ မောင်းနှင်ခြင်း၊ သတ်မှတ်သည့်ဆိုင်ကယ်လိုက်ပါ စီးနှင်းသူများထက် ပိုမိုစီးနှင်းခြင်း၊ နောက်ကြည့်ဘက်မှန်များ တပ်ဆင်မထားခြင်းတို့ပြုပါက ဒဏ်ငွေနှင့်အတူ ပညာပေးအစီအစဉ် သတ်မှတ်ချက်များပါ ဟောပြောပို့ချချက်များပါ စီစဉ်ပေးရန် မြို့တွင်းတစ်နာရီမိုင်နှုန်း ကန့်သတ်ချက်ပေးရန်၊ မီးခိုးအင်မတန် အလွန်အထွက်များသည့် မော်တော်ဆိုင်ကယ်များ၊ အသံဆူညံလွန်းသည့် မော်တော်ဆိုင်ကယ်များ အိတ်ဇောအကုန်ဖွင့်၍ အပြင်းမောင်းနှင်သည့် မော်တော်ဆိုင်ကယ်များ အရေးယူပေးခြင်းနှင့် အသက်ပိုင်းခြားကန့်သတ်ချက် များဖြင့် ဆိုင်ကယ်များ စီးနှင်းခွင့်ပြုသည့် စည်းကမ်းဥပဒေများ သတ်မှတ်ပေးရန်" အဆိုကို ပြည်နယ်လွှတ်တော်သို့ ထပ်မံပေးပို့လာပါတယ်။ ဦးစိုင်းထွန်းထွန်းလွင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းထွန်းလွင်(တန့်ယန်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းထွန်းလွင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်အဆိုပြုတင်ပြမှာကတော့ "မော်တော်ဆိုင်ကယ်များကိစ္စ မော်တော်ဆိုင်ကယ်များ စီးနှင့်မောင်းနှင်ရာတွင် မော်တော်ဆိုင်ကယ်များအချင်းချင်း မတော်တဆတိုက်မိ၍ အသက်ဆုံးရှုံးမှုများ မကြာခဏဖြစ်ပေါ်နေခြင်း၊ ယာဉ်မောင်းလိုင်စင်ရှိသူများသာ ဆိုင်ကယ်မောင်းနှင်ခွင့်ပြုရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးရန်၊ ယာဉ်စည်းကမ်းဖောက်ဖျက်သူများ၊ ဥပမာ- ဆိုင်ကယ်ဦးထုပ်မဆောင်းပဲ မောင်းနှင်ခြင်း၊ သတ်မှတ်သည့်ဆိုင်ကယ်လိုက်ပါ စီးနှင်းသူများထက် ပိုမိုစီးနှင်းခြင်း၊ နောက်ကြည့်ဘက်မှန်များ တပ်ဆင်မထားခြင်းတို့ပြုပါက ဒဏ်ငွေနှင့်အတူ ပညာပေးအစီအစဉ် သတ်မှတ်ချက်များပါ ဟောပြောပို့ချချက်များပါ စီစဉ်ပေးရန် မြို့တွင်းတစ်နာရီမိုင်နှုန်း ကန့်သတ်ချက်ပေးရန်၊ မီးခိုးအင်မတန် အလွန်အထွက်များသည့် မော်တော်ဆိုင်ကယ်များ၊ အသံဆူညံလွန်းသည့် မော်တော်ဆိုင်ကယ်များ အိတ်ဇောအကုန်ဖွင့်၍ အပြင်းမောင်းနှင်သည့် မော်တော်ဆိုင်ကယ်များ အရေးယူ

ပေးခြင်းနှင့် အသက်ပိုင်းခြား ကန့်သတ်ချက်များဖြင့် ဆိုင်ကယ်များစီးနင်းခွင့်ပြုသည့် စည်းကမ်း ဥပဒေများ သတ်မှတ်ပေးရန်” အဆိုကို တင်သွင်းခြင်းပဲ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။ အဲဒီမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက မိမိမဲဆန္ဒနယ်အမည် ဖော်ပြပြီးတော့မှ ထောက်ခံဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းငွေငွေ(မူဆယ်မဲဆန္ဒနယ်အမှတ်-၁)။ ကျွန်မကတော့ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါ်နန်းငွေငွေ ဖြစ်ပါတယ်။ ဦးစိုင်းထွန်းထွန်းလွင်၏ အဆိုကို ကျွန်မအနေနဲ့ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား - အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ “မော်တော်ဆိုင်ကယ်များကိစ္စ မော်တော်ဆိုင်ကယ်များ စီးနင်း မောင်းနှင်ရာတွင် မော်တော်ဆိုင်ကယ်များအချင်းချင်း မတော်တဆတိုက်မိ၍ အသက်ဆုံးရှုံးမှုများ မကြာ ခဏဖြစ်ပေါ်နေခြင်း၊ ယာဉ်မောင်းလိုင်စင်ရှိသူများသာ ဆိုင်ကယ်မောင်းနှင်ခွင့်ပြုရေးအတွက် ကြီးကြပ် ဆောင်ရွက်ပေးရန်၊ ယာဉ်စည်းကမ်း ဖောက်ဖျက်သူများ၊ ဥပမာ-ဆိုင်ကယ်ဦးထုပ်မဆောင်းပဲ မောင်းနှင် ခြင်း၊ သတ်မှတ်သည့် ဆိုင်ကယ်လိုက်ပါ စီးနင်းသူများထက် ပိုမိုစီးနင်းခြင်း၊ နောက်ကြည့်ဘက်မှန်များ တပ်ဆင်မထားခြင်းတို့ပြုပါက ဒဏ်ငွေနှင့်အတူ ပညာပေးအစီအစဉ် သတ်မှတ်ချက်များပါ ဟောပြောပို့ချ ချက်များပါစီစဉ်ပေးရန် မြို့တွင်းတစ်နာရီ မိုင်နှုန်းကန့်သတ်ချက်ပေးရန်၊ မီးခိုးအင်မတန် အလွန်အထွက် များသည့် မော်တော်ဆိုင်ကယ်များ၊ အသံဆူညံလွန်းသည့် မော်တော်ဆိုင်ကယ်များ အိတ်ဇောအကုန် ဖွင့်၍ အပြင်းမောင်းနှင်သည့်မော်တော်ဆိုင်ကယ်များ အရေးယူပေးခြင်းနှင့် အသက်ပိုင်းခြားကန့်သတ်ချက်များဖြင့် ဆိုင်ကယ်များ စီးနင်းခွင့်ပြုသည့် ယာဉ်စည်းကမ်းများ သတ်မှတ်ရန်” ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ယခု ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ အဆိုကိုလက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက -

“ သဘောတူပါသလား ခင်ဗျား ”

**[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။ ]**

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။**

**(သို့မဟုတ်)**

**အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- အဆိုကိုလက်ခံ ဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းထွန်းထွန်းလွင်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန်လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ [ ဩဘာသံများ ]

ဥက္ကဋ္ဌ။ ဦးစိုင်းထွန်းထွန်းလွင် တင်သွင်းသော ဒုတိယအဆိုကို ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါမှာ လွှတ်တော်ရုံးဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးကြဖို့ ဖြစ်ပါတယ်။ ၎င်းအဆိုကို ဖေဖော်ဝါရီလ (၂၈)ရက်၊ (အင်္ဂါနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့(၂၈.၂.၂၀၁၂) ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပထမနေ့မှာ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းထွန်းလွင် တင်သွင်းသော အစည်းအဝေး အစီအစဉ်ပါ ဒုတိယအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဒါ့ကြောင့် စာရင်းပေးသွင်းထားတဲ့ ဒေါ်နန်းခမ်းအေးက ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ကြွရောက်လာကြသော လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့အခါသမယဖြစ်ပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယစားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်ရှင်။

ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "မော်တော်ဆိုင်ကယ်များကိစ္စ မော်တော်ဆိုင်ကယ်များ စီးနှင်းမောင်းနှင်ရာတွင် မော်တော်ဆိုင်ကယ်များ အချင်းချင်းမတော်တဆ တိုက်မိ၍ အသက်ဆုံးရှုံးမှုများ မကြာခဏဖြစ်ပေါ်နေခြင်း၊ ယာဉ်မောင်းလိုင်စင်ရှိသူများသာ ဆိုင်ကယ်မောင်းနှင်ခွင့်ပြုရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးရန်၊ ယာဉ်စည်းကမ်း ဖောက်ဖျက်သူများ၊ ဥပမာ-

ဆိုင်ကယ် ဦးထုပ်မဆောင်းပဲ မောင်းနှင်ခြင်း၊ သတ်မှတ်သည့် ဆိုင်ကယ်လိုက်ပါ စီးနှင်သူများထက် ပိုမိုစီးနှင်းခြင်း၊ နောက်ကြည့်ဘက်မှန်များ တပ်ဆင်မထားခြင်းတို့ပြုပါက ဒဏ်ငွေနှင့်အတူ ပညာပေး အစီအစဉ် သတ်မှတ်ချက်များပါ ဟောပြောပို့ချချက်များပါ စီစဉ်ပေးရန် မြို့တွင်းတစ်နာရီမိုင်နှုန်း ကန့်သတ်ချက်ပေးရန်၊ မီးခိုးအင်မတန်အလွန်အထွက်များသည့် မော်တော်ဆိုင်ကယ်များ၊ အသံဆူညံ လွန်းသည့် မော်တော်ဆိုင်ကယ်များ၊ အိတ်စောအကုန်ဖွင့်၍ အပြင်းမောင်းနှင်သည့် မော်တော်ဆိုင်ကယ် များ အရေးယူပေးခြင်းနှင့် အသက်ပိုင်းခြား ကန့်သတ်ချက်များဖြင့် ဆိုင်ကယ်များ စီးနှင်ခွင့်ပြုသည့် စည်းကမ်းဥပဒေများ သတ်မှတ်ပေးရန်" ဆိုတဲ့ အဆိုကို ဖြည့်စွက်ဆွေးနွေးမှာ ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေပေမယ့် စည်းကမ်းဥပဒေအပြည့်ချမှတ်ထားပြီး တဲ့ နိုင်ငံဖြစ်ပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးဌာနမှ မိမိနိုင်ငံနှင့်သင့်တော်သော ယာဉ်စည်းကမ်း ဥပဒေများကို အပြည့်ချမှတ်ထားပြီး ဖြစ်ပါသည်။ ၎င်းစည်းကမ်းများကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာမှ ပညာပေးအစီအစဉ်များ ဟောပြောပို့ချခြင်းများကို ကွင်းဆင်းဆောင်ရွက် ပေးရန်သာ အထူးလိုအပ်နေပါသည်။ ကျောင်းဖွင့်စတွေမှာ ကျောင်းတွေမှာ တစ်နှစ်တစ်ကြိမ်ယာဉ် စည်းကမ်းနှင့်ပတ်သက်ပြီး ပညာပေးဟောပြောပွဲများ လုပ်နေပါသော်လည်း မြို့တိုင်းတွင် မကြာခဏ ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။ ယာဉ်နှင့်ပတ်သက်သော မတော်တဆထိခိုက်မှုများတွင် ဆိုင်ကယ် ကြောင့်ဖြစ်သော မတော်တဆထိခိုက်မှုများသည်သာ အများဆုံးဖြစ်တာကို တွေ့ရှိရပါတယ်။

ကျွန်မတို့ ရှမ်းပြည်နယ်ဟာ တောင်ပေါ်ဒေသဖြစ်တဲ့ အားလျော်စွာ ဆိုင်ကယ်ရှိခြင်းကြောင့်သာ ပြည်သူများအတွက် သွားလာရေးတွေ အဆင်ပြေစေခြင်းသာ ဖြစ်တဲ့အတွက်ကြောင့် ယာဉ်ထိန်းမှ လည်း လိုင်စင်မရှိဘဲ မောင်းနှင်ခြင်းကို သက်ညှာစွာခွင့်ပေးထားတာကိုလည်း တွေ့ရှိရပါတယ်။ ပြည်သူများ အနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သိရှိလိုက်နာ ဆောင်ရွက်ရန် အထူးလိုအပ်နေတဲ့အတွက် ကြောင့် မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင်သံကြားကနေပြီးတော့ စဉ်ဆက်မပြတ်ထုတ်လုပ်ပေးဖို့က ပိုပြီးတော့ ထိရောက်မှု ရှိနိုင်မှာ ဖြစ်ပါတယ်။

မော်တော်ဆိုင်ကယ်များ စီးနှင်းမောင်းနှင်ခြင်းနှင့်ပတ်သက်၍ ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် မေးခွန်းမေးရန်အတွက် ကျွန်မတင်ထားပါသည်။ ဒါပေမယ့် အဆိုမှာ ကျွန်မပါဝင်ပြီး ဆွေးနွေးပေးရတဲ့အတွက်ကြောင့် အဲ့ဒီမေးခွန်းကို ကျွန်မပြန်ပြီး ရုပ်သိမ်းပေးပါ့မယ်။ အသက်အပိုင်းအခြား ကန့်သက်ချက်များဖြင့် ဆိုင်ကယ်များစီးနှင်ခွင့်နှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေး လိုပါတယ်။ ကျွန်မတို့နိုင်ငံတွင် ကျောင်းစနေသည့် အရွယ်မှာ(၅)နှစ်ဖြစ်ပြီး၊ တက္ကသိုလ်ဝင်တန်းအောင်မြင် သည့်အချိန်တွင် အသက်(၁၆)နှစ်သာ ရှိပါသေးသည်။ ကျွန်မတို့နိုင်ငံတွင် အသက်(၁၈)နှစ်ပြည့်ပြီးမှသာ

ယာဉ်မောင်းလိုင်စင်(က) (ဆိုင်ကယ်မောင်းနှင်ခွင့်) ထုတ်ပေးပါသည်။ တက္ကသိုလ်ပထမနှစ် စတက်ရမည့် အချိန်မှာ ယာဉ်မောင်း လိုင်စင်(က) (ဆိုင်ကယ်မောင်းနှင်ခွင့်) ကိုင်ဆောင်ရန် အသက် လုံးဝပြည့်မှီခြင်း မရှိသေးပါ။ သို့သော်တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများသည် ဖယ်ရီစီးရန်အခက်အခဲရှိခြင်း၊ ကျောင်းမှ စီစဉ်ပေးသော လိုင်းကားများရှိရာဂိတ်စသို့ သွားရန်အခက်အခဲရှိခြင်းကြောင့် မလွဲမရှောင်သာ လိုင်စင်မရှိ ဘဲနှင့် ဆိုင်ကယ်မောင်းနှင်ကြရပါသည်။

လိုင်စင်မရှိခြင်းကြောင့် ယာဉ်ထိန်းရဲကို ရှောင်ရှားမောင်းနှင်နေရပါသဖြင့် မတော်တဆထိခိုက်မှု များ ပိုမိုများပြားလာပါသည်။ သို့ဖြစ်ပါ၍ (၁၈)နှစ်ပြည့်မှ ယာဉ်မောင်းနှင်ခွင့်လိုင်စင်ပေးမည့် အစား တက္က သိုလ် တက်မည့်ကျောင်းသားများနှင့် ကိုက်ညီမည့်လိုင်စင်ကို သတ်မှတ်ပေးဖို့အတွက် ကျွန်မက ဖြည့်စွက်ဆွေးနွေးခြင်း ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးပေးဖို့ ဖိတ်ခေါ် ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းလွန်၏ မော်တော်ဆိုင်ကယ် များကိစ္စ၊ မော်တော်ဆိုင်ကယ်များ စီးနင်းမောင်းနှင်ရာတွင် မော်တော်ဆိုင်ကယ် အချင်းချင်း မတော်တဆ တိုက်မိ၍ အသက်ဆုံးရှုံးမှုများ မကြာခဏဖြစ်ပေါ်နေခြင်း၊ ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းနှင် ခွင့်ပြုရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးရန်၊ ယာဉ်စည်းကမ်းဖောက်ဖျက်သူများအား ဥပမာ-ဆိုင်ကယ် စီးဦးထုပ်မဆောင်းပဲ မောင်းနှင်ခြင်း၊ သတ်မှတ်သည့် ဆိုင်ကယ်စီးနင်းလိုက်ပါသူများထက်ပိုမိုစီးနင်း ခြင်း၊နောက်ကြည့်ဘက်မှန်များ တပ်ဆင်မထားခြင်းပြုပါက ဒဏ်ငွေနှင့်အတူ ပညာပေးအစီအစဉ် သတ်မှတ်ချက်များပါ ဟောပြောပို့ချချက်များပါ စီစဉ်ပေးရန်၊ မြို့တွင်း(၁)နာရီမိုင်နှုန်း ကန့်သတ်ချက်ပေး ရန်၊ မီးခိုးအလွန်အထွက်များသည့် မော်တော်ဆိုင်ကယ်များ အသံဆူညံလွန်းသည့် မော်တော်ဆိုင်ကယ် များ အိတ်ဇောအကုန်ဖွင့်၍ အပြင်းမောင်းနှင့်သည့် မော်တော်ကိုင်ကယ်များ အရေးယူပေးခြင်းနှင့် အသက်အပိုင်းခြားသတ်မှတ်ပေးရန် ဆိုင်ကယ်များ စီးနင်းခွင့်ပြုသည့် စည်းကမ်းဥပဒေများ သတ်မှတ်ပေး ရန်ဆိုသည့် အဆိုနှင့်စပ်လျဉ်းပြီး ကျွန်တော်တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သူ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းထွန်းလွင်၏ အဆိုနှင့်ပတ်သက်၍ ဖြေကြားရလျှင် ရှမ်းပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ(၃၁)ရက်နေ့အထိ မော်တော်ဆိုင်ကယ်တိုက်မှု၊ တိမ်မှောက်မှုအပေါ် (၂၄၈)မှုရှိပြီး၊ သေဆုံးသူ ကျား(၅၂)ဦး၊ မ(၁၈)ဦး၊ စုစုပေါင်း(၇၀)ဦး၊ ဒဏ်ရာရသူ ကျား(၃၀၃)ဦး၊ မ(၆၂)ဦး၊ စုစုပေါင်း(၃၆၅)ဦးရှိပါသည်။ ရှမ်းပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့အထိ စည်းကမ်းပျက် ဆိုင်ကယ်အရေးယူမှု(၃၁၄၀)မှု၊ အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး၊ စည်းကမ်းမဲ့ဆိုင်ကမယ်များနှင့်ပတ်သက်၍ ရှမ်းပြည်နယ်ယာဉ်စည်းကမ်းလမ်းစည်းကမ်း ထိန်းသိမ်းကြီးကြပ်မှုကော်မတီ၊ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ (၁၉-၉-၂၀၁၁)ရက်နေ့မှစတင်၍ စည်းကမ်းတစ်ကျမောင်းနှင်ခြင်းမရှိသော ဆိုင်ကယ်များအား တရားရုံးဒဏ်ငွေ(၁၅၀၀ိ/-)နှင့် အထူးဒဏ်ငွေ(၁၀၀၀ိ/-)ဆိုင်ကယ်အား (၁၅)ရက်ထိန်းသိမ်းခြင်းဖြင့် အရေးယူဆောင်ရွက်လျှက်ရှိပါသည်။ ယာဉ်မောင်းနှင်သည့် အသက်အပိုင်းအခြားအနေဖြင့် (၁၈)နှစ်ပြည့်မှသာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မောင်းလိုင်စင်ထုတ်ပေးပြီး၊ ယာဉ်မောင်းလိုင်စင်မပါရှိဘဲ မောင်းနှင်ပါက နည်းဥပဒေပုဒ်မ-၁၅/၂၁ အရ အပြစ်ပေးအရေးယူပြီး၊ တရားရုံးမှာ ဒဏ်ငွေ(၅၀၀ိ/-)ပေးဆောင်ရန် ပြဋ္ဌာန်း သတ်မှတ်ထားပါသည်။ ဒီအသက်အပိုင်းအခြားကလည်း နိုင်ငံတကာနှင့် ယှဉ်ပြီးတော့မှ သတ်မှတ်ထားတဲ့ စည်းကမ်းဥပဒေဘဲဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့အထိ ယာဉ်မောင်းလိုင်စင်မပါဘဲ မောင်းနှင်သော ဆိုင်ကယ်(၂၅၅)မှု၊ နောက်ကြည့်မှန်မပါသော ဆိုင်ကယ်(၃၉၄)မှု၊ မီးခိုးအလွန်ထွက်ပြီး စက်သံဆူညံစွာဖြင့် အိတ်ဇောအကုန်ဖွင့်၍ မောင်းနှင်သော ဆိုင်ကယ် (၃)မှုတို့ကို တရားဆွဲတင်ပို့နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေး စည်းကမ်းပျက်ယာဉ်များအား ဖမ်းဆီးအရေးယူဆောင်ရွက်ရေးနှင့် သတ်မှတ်ချက်နှင့်ကိုက်ညီခြင်းမရှိသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ စစ်ဆေးအရေးယူဆောင်ရွက်နိုင်ရေးတို့အတွက် ရှမ်းပြည်နယ်ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲ တပ်ဖွဲ့၊ ယာဉ်ထိန်းဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းပြီးတော့ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောခြင်း။ စည်းကမ်းပျက်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ ဆပလိုင်းချက်များ ပြုလုပ်စစ်ဆေးခြင်း၊ ယာဉ်တိုက်မှုများ လျော့ချနိုင်ရေးအတွက် ဘုတ်ဆိုင်းများ တပ်ဆင်ခြင်း၊ စလိုးတောင်းများ ပြုလုပ်ခြင်း၊ ဒစ်ဂျစ်တယ်မီးပွိုင့်များ တပ်ဆင်ခြင်း၊ မြို့ပေါ်တွင် ကားဖြင့်လှည့်လည်၍ မောက်စပီကာများဖြင့်

ယာဉ်တိုက်မှုဖြစ်ပွားရသည့် အကြောင်းအရင်းများ အသိပေးကြေညာခြင်း၊ မီးပွိုင့်များတွင် ဟဲစပီကာများဖြင့် မောင်းနှင်ရသည့် ယာဉ်ကြောများကို အသိပေးကြေညာခြင်း၊ လူစည်ကားရာ နေရာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပေးဘေဘုတ်များ စိုက်ထူခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဆိုင်ကယ်စီးနှင်းမှုများနှင့်ပတ်သက်၍ ဆိုင်ကယ်စီးဦးထုပ်ဆောင်းပြီး မေးတိုင်းကြိုးတပ်၍ စီးရန်၊ နှစ်ယောက်ထက်ပိုမစီးရန်၊ နောက်ကြည့်မှန်များ တပ်ဆင်ထားရန်၊ ရောင်ပြန်စပီကာများ တပ်ရန်၊ ဆိုင်ကယ်များ ပြည့်စုံစွာ တပ်ဆင်၍ စီးနှင်းရန်၊ ထီးဆောင်း၍ ဆိုင်ကယ်မစီးရန်၊ ဖုန်းပြော၍ ဆိုင်ကယ်မစီးရန် ပညာပေးကြေညာခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား လုပ်သားပြည်သူ၊ ကျောင်းသူ/သား၊ ကျေးလက်ဒေသနေ ပြည်သူများအထိ သိရှိနိုင်စေရန်အတွက် ပူးပေါင်းအဖွဲ့များအား ရှမ်းပြည်နယ်အတွင်း မြို့နယ်အလိုက် လစဉ်ပညာပေး ဟောပြောမှုများကို ဆောင်ရွက်လျှက်ရှိရာ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့အထိ ပညာပေးဟောပြောမှုများအနေဖြင့် မြို့ပေါ် (၅၂)ကြိမ်၊ ကျေးလက် (၁၅)ကြိမ်၊ စုစုပေါင်း(၆၇)ကြိမ် ပညာပေးဟောပြောခဲ့ပြီး၊ တက်ရောက်သူဦးရေ (၃၅၁၆၅)ဦးအား ဟောပြောဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီမှ (၁-၇-၂၀၀၅) ရက်နေ့မှစတင်ပြီး၊ မည်သူမဆို အောက်ပါမော်တော်ယာဉ် နည်းဥပဒေတစ်ခုခုအား ကျူးလွန်လျှင် တရားရုံးပြစ်ဒဏ်အဖြစ် အထူးဒဏ်ငွေ (၁၀၀၀ိ/-)တိတိကိုပါ ပေးဆောင်စေရန် ဒေသန္တရချမှတ်ခဲ့ပါသည်။ အဲ့ဒါတွေကတော့-

- ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း ပုဒ်မ-၁၇၃(င)/၂၂၊ ဆိုင်ကယ်အား နှစ်ဦးထက်ပိုစီးခြင်း ပုဒ်မ-၁၇၃(ခ)/၂၂၊ စက်သံဆူညံစွာ မောင်းနှင်ခြင်း ပုဒ်မ- ၁၇၃(ဆ)/၂၂၊ နံပါတ်ပြား မတပ်၊ မထင်ရှားခြင်း ပုဒ်မ-၁၃၇/၂၂၊ လမ်းညွှန်အမှတ်အသားမလိုက်နာခြင်း ပုဒ်မ-၁၃၄(က)/၂၂၊ မီးနီဖြတ်ခြင်း ပုဒ်မ-´

ယာဉ်မောင်းနှင်သည့် မိုင်နှုန်းကန့်သတ်ချက်အနေဖြင့် မြို့တွင်း (၁)နာရီလျှင် (၃၀)မိုင်နှုန်း (၄၈) ကီလိုမီတာထက် ပိုမမောင်းရန်အတွက် သတိပေးဆိုင်းဘုတ်များ ရှမ်းပြည်နယ်အတွင်းရှိ မြို့ကြီးများတွင် စိုက်ထူထားခြင်းသည် ယာဉ်ထိန်းခြင်း နည်းစနစ်များအနေဖြင့် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းနည်း ယာဉ်ထိန်းသိမ်းခြင်း နည်းစနစ်(၅)မျိုးဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒါတွေကတော့ -

(က) အေဂျူကေးရှင်းဆစ္စတမ်-အသိပညာပေးရေးနည်းစနစ် မြို့ပေါ် ရပ်ကွက်၊ ကျေးရွာ၊ စာသင်ကျောင်းများ အစရှိသည့် နေရာများတွင် ပညာပေးဟောပြောမှုများ ဆောင်ရွက်ခြင်း၊

(ခ) အင်ဂျင်းနီးယားရင်းဆစ္စတမ်-အင်ဂျင်နီယာနည်းစနစ် မီးပွိုင့်များ၊ စလိုးတောင်းများ၊ ဆေးရေး အမှတ်အသားများ၊ ဘုတ်ဆိုင်းများဖြင့် ထိန်းသိမ်းဆောင်ရွက်ခြင်း၊

(ဂ) အင်ဖို့မန့်ဆစ္စတမ်-စစ်ဆေးအရေးယူဆောင်ရွက်ခြင်း နည်းစနစ် တရားရေးဥပဒေဝန်ထမ်းများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် တပ်ထိန်းတပ်ဖွဲ့များ ပူးပေါင်း၍ ဆာပလိုင်းချက်များ ပြုလုပ်ခြင်းနှင့် ဒဏ်ဆောင်စေခြင်း၊

(ဃ) အနေနဲ့ အင်မာဂျက်စီမက်နီကယ်ဆားဝစ်ဆစ္စတမ်- အရေးပေါ် ဆောင်ရွက်ခြင်းနည်းစနစ် ယာဉ် မတော်တဆမှုများ ဖြစ်ပေါ်ပါက လူနာအား ဆေးရုံသို့ အမြန်ဆုံးရောက်ရှိစေရေးအပြင် ရှေးဦး သူနာပြုစုနည်းများဖြင့် လည်းဆောင်ရွက်ခြင်း၊

(င) အင်ဝါးရီးမန့်ဆစ္စတမ် - ပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းခြင်း နည်းစနစ်ပတ်ဝန်းကျင်မှ ယာဉ်၊ ယာဉ်မှ ပတ်ဝန်းကျင်သို့ အနှောက်အယှက် မဖြစ်စေရေးအတွက် ထိန်းသိမ်းခြင်းများအပြင် သဘာဝဘေးအန္တရာယ်ကျရောက်နေချိန်၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ထိန်းသိမ်း ဆောင်ရွက်ခြင်းဆိုတဲ့ နည်းစနစ်တွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်၍ ရှမ်းပြည်နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်ပြီး၊ ရှမ်းပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ပညာပေးဟောပြောခြင်း၊ အရေးယူ ဆောင်ရွက်ခြင်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြား မှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥပဒေနှင့် တရားရေးဌာနများနှင့် ပူးပေါင်းကြီးကြပ် ဆောင်ရွက်ပြီး၊ အပြည်ပြည်ဆိုင်ရာ နည်းစနစ်များ၊ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ ဆောင်ရွက် လျက် ရှိနေပါသောကြောင့် ယင်းအဆိုကို အတည်ပြုရန် မသင့်ပါကြောင်းနှင့် အဆိုနှင့် ပတ်သက်၍ ပြန်လည်ရုပ်သိမ်းသင့်ပါကြောင်း တင်ပြဖြေကြားအပ်ပါသည်။ [ သြဘာသံများ ]

ဥက္ကဋ္ဌ။ ဒီအဆိုနှင့်ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးနဲ့ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့ အစည်းဝင်(၁)ဦးက ဆွေးနွေးရှင်းလင်းပြောကြားသွားပြီး ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ဦးစိုင်းထွန်းထွန်း လွင်အနေနဲ့ ထပ်မံတင်ပြရန် ရှိပါက တင်ပြပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းထွန်းလွင်(တန့်ယန်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တင်ပြခဲ့ သည့် မော်တော်ဆိုင်ကယ်ကိစ္စနဲ့ ပတ်သက်ပြီး၊ သက်ဆိုင်ရာတာဝန်ရှိသူများက ဥပဒေနှင့်အညီ သပ်သပ် မတ်မတ်ဆောင်ရွက် ပေးမည်ဆိုပါက ကျွန်တော်၏ အဆိုကို ပြန်လည်ရုပ်သိမ်းလိုက်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုနဲ့ပတ်သက်၍ အဆိုရှင်ကလည်း ရုပ်သိမ်းပြီဖြစ်ကြောင်း သဘောတူတဲ့တွက် ဒါကိုလွှတ်တော်ရဲ့ဆန္ဒကို ရယူပါ့မယ်။ အဆိုပြန်လည် ရုပ်သိမ်း ခြင်းနှင့် စပ်လျဉ်း၍ -

"လွှတ်တော်မှ သဘောတူပါသလား ခင်ဗျား။"

**[ (၃)ကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်]**

ဥက္ကဋ္ဌ ။ လွှတ်တော်မှ သဘောတူပါသဖြင့် ဤအဆိုကို ရုပ်သိမ်းကြောင်း ကြေညာပါတယ်။ [ ဩဘာသံများ